အကြောင်းအရာ။ **ဌာနပိုင် တာယာ/ဘက်ထရီ(အဟောင်း)များအား ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည့် အစီအစဉ်**

သစ်တောဦးစီးဌာနရှိ ပင်မသိုလှောင်ရုံများ[ရန်ကုန်၊နေပြည်တော်(ရေဆင်း)]ရှိ ထိန်းသိမ်း ထားရှိသော တာယာ/ဘက်ထရီအဟောင်း များအား (၁၇-၆-၂၀၁၄)ရက်နေ့ နံနက် (၁၀:၀၀) နာရီချိန် တွင် နေပြည်တော်၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ် (၃၉) တွင် လေလံစည်းကမ်းချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချသွား မည်ဖြစ်ပါသည်။ လေလံတင် ရောင်းချမည့် ပစ္စည်းအမျိုးအစားနှင့် အရေတွက်အား ဆက်လက်ဖော်ပြထားရှိပါသည်။

(က) တာယာအဟောင်း(ဆိုဒ်စုံ) (၁၃၈၉) လုံး

(ခ) ဘက်ထရီအဟောင်း(ဆိုဒ်စုံ) (၆၈၀) လုံး

## ဘက်ထရီအဟောင်းစာရင်း(ပေါင်းချုပ်)

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | N-200 Battery | လုံး | ၂၃ | |
| ၂။ | N-150 Battery | လုံး | ၁၈ | |
| ၃။ | Ns-100 Battery | လုံး | ၁၆၈ | |
| ၄။ | N-120 Battery | လုံး | ၂၅၇ | |
| ၅။ | N-100 Battery | လုံး | ၂၃ | |

| | | | | |
|---|---|---|---|---|
| ၆။ | N-70 Battery | လုံး | ၁၂၆ | |
| ၇။ | N-50 Battery | လုံး | ၆၅ | |
| | စုစုပေါင်း | | **၆၈၁** | |

## ကြို့ကုန်းသိုလှောင်ရုံရှိဘက်ထရီအဟောင်းစာရင်း(ရန်ကုန်)

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | N-200 Battery | လုံး | ၅ | |
| ၂။ | N-150 Battery | လုံး | - | |
| ၃။ | N-120 Battery | လုံး | ၃၉ | |
| ၄။ | N-100 Battery | လုံး | ၈ | |
| ၅။ | N-70 Battery | လုံး | ၁၅ | |
| ၆။ | Ns-100 Battery | လုံး | ၄၅ | |
| ၇။ | N-50 Battery | လုံး | ၁၁ | |
| | စုစုပေါင်း | | ၁၂၃ | |

## ရေဆင်းသိုလှောင်ရုံရှိဘက်ထရီအဟောင်းစာရင်း(နေပြည်တော်)

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | N-200 Battery | လုံး | ၁၈ | |

| | | | | |
|---|---|---|---|---|
| ၂။ | N-150 Battery | လုံး | ၁၈ | |
| ၃။ | Ns-100 Battery | လုံး | ၁၂၃ | |
| ၄။ | N-120 Battery | လုံး | ၂၁၈ | |
| ၅။ | N-100 Battery | လုံး | ၁၅ | |
| ၆။ | N-70 Battery | လုံး | ၁၁၁ | |
| ၇။ | N-50 Battery | လုံး | ၅၄ | |
| | စုစုပေါင်း | | ၅၅၇ | |

# တာယာအဟောင်းစာရင်း(ပေါင်းချုပ်)

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ၇၀၀-၁၆တာယာ | လုံး | ၃၉၈ | |
| ၂။ | ၉၀၀-၂၀တာယာ | လုံး | ၁၅၄ | |
| ၃။ | ၂၆၅-၇၀တာယာ | လုံး | ၄၉ | |
| ၄။ | ၇၅၀-၁၅တာယာ | လုံး | ၄၃ | |
| ၅။ | ၆၅၀-၁၆တာယာ | လုံး | ၅၄ | |
| ၆။ | ၂၃၅-၇၅တာယာ | လုံး | ၁၃၂ | |
| ၇။ | ၈၂၅-၁၆ တာယာ | လုံး | ၆၉ | |
| ၈။ | ၆၅၀-၁၄ တာယာ | လုံး | ၈၁ | |
| ၉။ | ၁၀၀၀-၂၀ တာယာ | လုံး | ၆၂ | |

| | | | | |
|---|---|---|---|---|
| ၁၀။ | ၁၁၀၀-၂၀ တာယာ | လုံး | ၂၃ | |
| ၁၁။ | ၇၅၀-၁၆ တာယာ | လုံး | ၆၉ | |
| ၁၂။ | ၁၈၅-၇၀ တာယာ | လုံး | ၁၅၀ | |
| ၁၃။ | ၂၄၅-၇၀ တာယာ | လုံး | ၉ | |
| ၁၄။ | ၂၇၅-၇၀ တာယာ | လုံး | ၃၂ | |
| ၁၅။ | ၈၂၅-၂၀တာယာ | လုံး | ၁၅ | |
| ၁၆။ | ၃၁-၁၀.၅တာယာ | လုံး | ၄၉ | |
| | စုစုပေါင်း | | **၁၃၈၉** | |

## ရေဆင်းသိုလှောင်ရုံရှိ တာယာအဟောင်းစာရင်း(နေပြည်တော်)

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ၇၀၀-၁၆တာယာ | လုံး | ၃၀၈ | |
| ၂။ | ၉၀၀-၂၀တာယာ | လုံး | ၁၂၈ | |
| ၃။ | ၂၆၅-၇၀တာယာ | လုံး | ၂၅ | |
| ၄။ | ၇၅၀-၁၅တာယာ | လုံး | ၃၉ | |
| ၅။ | ၆၅၀-၁၆တာယာ | လုံး | ၄၈ | |
| ၆။ | ၂၃၅-၇၅တာယာ | လုံး | ၁၁၄ | |
| ၇။ | ၈၂၅-၁၆ တာယာ | လုံး | ၆၁ | |
| ၈။ | ၆၅၀-၁၄ တာယာ | လုံး | ၅၉ | |
| ၉။ | ၁၀၀၀-၂၀ တာယာ | လုံး | ၅၀ | |
| ၁၀။ | ၁၁၀၀-၂၀ တာယာ | လုံး | ၁၅ | |

| | | | | |
|---|---|---|---|---|
| ၁၁။ | ၇၅၀-၁၆ တာယာ | လုံး | ၆၇ | |
| ၁၂။ | ၁၈၅-၇၀ တာယာ | လုံး | ၁၂၄ | |
| ၁၃။ | ၂၄၅-၇၀ တာယာ | လုံး | ၉ | |
| ၁၄။ | ၂၇၅-၇၀ တာယာ | လုံး | ၃၂ | |
| ၁၅။ | ၈၂၅-၂၀တာယာ | လုံး | ၁၅ | |
| ၁၆။ | ၃၁-၁၀.၅တာယာ | လုံး | ၄၅ | |
| | ပေါင်း | | **၁၁၃၉** | |

# ကြို့ကုန်းသိုလှောင်ရုံရှိတာယာအဟောင်းစာရင်း(ရန်ကုန်)

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ၇၀၀-၁၆တာယာ | လုံး | ၉၀ | |
| ၂။ | ၉၀၀-၂၀တာယာ | လုံး | ၂၆ | |
| ၃။ | ၃၁-၁၀.၅တာယာ | လုံး | ၄ | |
| ၄။ | ၇၅၀-၁၅တာယာ | လုံး | ၄ | |
| ၅။ | ၆၅၀-၁၆တာယာ | လုံး | ၆ | |
| ၆။ | ၂၃၅-၇၅တာယာ | လုံး | ၁၈ | |
| ၇။ | ၂၆၅-၇၅ တာယာ | လုံး | ၂၄ | |
| ၈။ | ၈၂၅-၁၆ တာယာ | လုံး | ၈ | |
| ၉။ | ၆၅၀-၁၄ တာယာ | လုံး | ၂၂ | |

| | | | | |
|---|---|---|---|---|
| ၁၀။ | ၁၀၀၀-၂၀ တာယာ | လုံး | ၁၂ | |
| ၁၁။ | ၁၁၀၀-၂၀ တာယာ | လုံး | ၈ | |
| ၁၂။ | ၇၅၀-၁၆ တာယာ | လုံး | ၂ | |
| ၁၃။ | ၁၈၅-၇၀ တာယာ | လုံး | ၂၆ | |
| | စုစုပေါင်း | | **၂၅၀** | |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင် ကားတာယာ အဟောင်းများနှင့် ဘက်ထရီအိုး အဟောင်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရန် အတွက် သတ်မှတ်ထားသော စည်းကမ်းချက်များ**

၁။ နောက်ဆက်တွဲ(က)ပါ ကားတာယာအဟောင်းများနှင့် ဘက်ထရီအိုးအဟောင်းများကို မျက်မြင်အခြေအနေအတိုင်း သစ်တောဦးစီးဌာနမှ ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည် ဖြစ်ပါသည်။

၂။ လေလံဆွဲဝယ်မည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး အမျိုးသား/ နိုင်ငံသားစိစစ်ရေးကဒ်ပြား ပြသနိုင်သူဖြစ်ရမည်။ လေလံဆွဲဝယ်သူသည် ကိုယ်တိုင်ဖြစ်စေ၊

စနစ်တကျလွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့် ဖြစ်စေ ဈေးပြိုင်ပေး၍ ဝယ်ယူခွင့်ရှိသည်။ ကိုယ်စားလှယ် လွှဲအပ်မည်ဆိုပါက အမျိုးသား/နိုင်ငံသားစိစစ်ရေးကဒ်ပြားရှိသူဖြစ်ပြီး သတ်မှတ်ပုံစံတွင် ဖြည့်စွက်၍ လေလံတင်ရောင်းချမည့်အဖွဲ့ထံ တင်ပြရပါမည်။

၃။ လေလံတင်ရောင်းချခြင်းကို ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊ နေပြည်တော် အင်ကြင်းခန်းမ၌ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် လေလံတင်ရောင်းချပါမည်။

၄။ ကားတာယာအဟောင်းများ/ ဘက်ထရီအဟောင်းများကို သစ်တောဦးစီးဌာန၊ ကြို့ကုန်းသိုလှောင်ရုံ၊ ရန်ကုန်မြို့တွင် လည်းကောင်း၊ သစ်တောသုတေသနဌာန၊ ရေဆင်းသိုလှောင်ရုံတွင် လည်းကောင်း (၅-၆-၂၀၁၄)ရက်နေ့မှ (၁၆-၆-၂၀၁၄) ရက်နေ့အထိ ရုံးချိန်အတွင်း (ရုံးပိတ်ရက်မှအပ) ကြည့်ရှုနိုင်ပါသည်။

၅။ လေလံဆွဲဝယ်မည့်သူများသည် စပေါ်ငွေကျပ် (၁၀၀၀၀၀၀/-) (ကျပ်တစ်ဆယ်သိန်းတိတိ)ကို ငွေသားဖြင့် အပိုဒ်(၃)တွင် ဖော်ပြထားသည့်နေရာ၌ (၁၇-၆-၂၀၁၄) ရက်နေ့ နံနက်(၀၈:၀၀)နာရီမှ (၁၀:၀၀)နာရီအတွင်း အောက်ပါအတိုင်း ပေးသွင်းရမည်-

(က) ပေးသွင်းသောစပေါ်ငွေများကို ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ရေတွက် လက်ခံထုပ်ပိုး၍ သိမ်းဆည်းထားမည်။

(ခ) ပြန်လည်ထုတ်ပေးသောအခါ၌လည်း အဆိုပါအထုပ်အလိုက် ရေတွက် ထုတ်ပေးပါမည်။

(ဂ) စပေါ်ငွေပေးသွင်းသော ငွေစက္ကူများထဲတွင် သုံးမရသော ငွေစက္ကူများ ပါရှိပါက သစ်တောဦးစီးဌာနမှ တာဝန်မယူပါ။

၆။ စပေါ်ငွေပေးသွင်းပြီးဖြစ်ကြောင်း ငွေရပြေစာမူရင်းနှင့် လေလံစည်းကမ်းချက် တင်ပြနိုင်သူသာ လေလံဆွဲဝယ်ခွင့်ရရှိမည် ဖြစ်ပါသည်။

၇။ လေလံဆွဲဝယ်ရာတွင် စပေါ်ငွေပေးသွင်းပြီးကြောင်း ငွေရပြေစာပေါ်တွင် ပါရှိသည့် နံပါတ် (တိုကင်နံပါတ်)ဖြင့် ဆွဲဝယ်ရမည်။

၈။ လေလံဆွဲဝယ်သူသည် အောင်မြင်ပါက အောင်မြင်သည့်တန်ဖိုး၏ (၂၅%)ကို ချက်ချင်းပေးသွင်းရမည်။

၉။ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် လေလံတင်ရောင်းချရေးအဖွဲ့က ဈေးစတင်ခေါ်ယူခြင်းမပြုဘဲ ဝယ်ယူသူများကသာ စတင်၍ ဝယ်ဈေးကို ပေးရမည် ဖြစ်ပါသည်။

၁၀။ လေလံဆွဲဝယ်ယူအောင်မြင်ခြင်းမရှိသောသူများ၏ စပေါ်ငွေကို လေလံပွဲပြီးဆုံးသည့်အချိန်မှစ၍ ချက်ချင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။ ချက်ချင်း လာရောက်ထုတ်ယူခြင်းမရှိပါက လေလံတင်ရောင်းချရေးအဖွဲ့မှ သိမ်းယူမည်ဖြစ်ပါသည်။

၁၁။ လေလံအောင်မြင်သူသည် တန်ဖိုးငွေအပြည့်အဝပေးသွင်းခြင်းကို (၁၇-၆-၂၀၁၄)ရက်နေ့မှစ၍ လေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးသွင်းရမည်။ (၂၀-၆-၂၀၁၄)ရက်နေ့ ညနေပိုင်း (၁၆:၀၀) နာရီအထိ ငွေပေးသွင်းခြင်းမပြုလုပ်နိုင်ပါက ပေးသွင်းထားသည့် တန်ဖိုးနှင့် စပေါ်ငွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်ပါသည်။

၁၂။ လေလံဆွဲဝယ်ယူအောင်မြင်ပြီးသူများသည် မိမိစိတ်ကြိုက်ရွေးချယ် ဆွဲဝယ်သော ကားတာယာအဟောင်းများနှင့် ဘက်ထရီအဟောင်းကို အမှန်တကယ်ဝယ်ခြင်း၊ ငွေကြေးအပြည့်အဝပေးသွင်းခြင်းမပြုဘဲ ပျက်ကွက်ခဲ့ပါက လေလံတင်ရောင်းချရေးအဖွဲ့၏ အလုပ်တာဝန်ဝတ္တရားနှောက်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

၁၃။ လေလံအောင်မြင်သူသည် ကားတာယာအဟောင်းများနှင့် ဘက်ထရီအဟောင်းများ၏ တန်ဖိုးငွေအပြည့်ကို သစ်တောဦးစီးဌာန၊ လေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးသွင်းပြီးမှသာ ကားတာယာအဟောင်းများနှင့် ဘက်ထရီအဟောင်းများ ထုတ်ယူခွင့်ကို လေလံတင်ရောင်းချရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ကားတာယာ အဟောင်းများနှင့် ဘက်ထရီအဟောင်းများကို (၃၀-၆-၂၀၁၄)ရက်နေ့ နောက်ဆုံးထား အပြီးထုတ်ယူရမည်။ သတ်မှတ်ရက်ကျော်လွန်ပါ က လေလံတင်ရောင်းချရေးအဖွဲ့မှ တာဝန်မယူပါ။ မိမိပစ္စည်း မိမိတာဝန်ယူရမည်ဖြစ်ပါသည်။

၁၄။ လေလံအောင်မြင်သူသည် တန်ဖိုးငွေပေးချေပြီးပါက အောက်တွင် ဖော်ပြထားသော စာရွက်စာတမ်းများကို ပြသပြီး ကားတာယာ အဟောင်းများနှင့် ဘက်ထရီ အဟောင်းများကို ထုတ်ယူနိုင်ပါသည်။

(က) အမျိုးသား/နိုင်ငံသားစိစစ်ရေးကဒ်ပြား

(ခ) ကိုယ်စားလှယ်မှ ထုတ်ယူလျှင်တရားဝင်ကိုယ်စားလှယ်လွှဲစာ

(ဂ) လေလံဆွဲဝယ်အောင်မြင်ပြီး၍ ငွေအကြေအလည်ပေးသွင်း ချလန်/ပြေစာ

(ဃ) ကိုယ်စားလှယ်ဖြင့် ထုတ်ယူပြီး မလိုလားအပ်သော ပြဿနာတစ်စုံတစ်ခုပေါ်ပေါက်လာပါက လေလံဆွဲဝယ်အောင်မြင်သူနှင့် ကိုယ်စားလှယ်တို့၏ တာဝန်သာ ဖြစ်ပါသည်။

၁၅။ ကားတာယာအဟောင်းများနှင့် ဘက်ထရီအဟောင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် အကြောင်းတစ်စုံတစ်ရာဖော်ပြခြင်းမပြုဘဲ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ခွင့် ရှိသည်။

လေလံတင်ရောင်းချရေးအဖွဲ့

သစ်တောဦးစီးဌာန

## လေလံတင်ရောင်းချရန်ကြော်ငြာ

သစ်တောဦးစီးဌာနရှိ ဖော်ပြပါပစ္စည်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်ပစ္စည်းများ**

(၁) ဘက်ထရီအဟောင်းများ

(၂) တာယာအဟောင်းများ

(ခ) **လေလံလျှောက်လွှာဝယ်ယူနိုင်သည့်နေရာ**

စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)နေပြည်တော်၊Ph:၀၆၇- ၄၀၅၀၀၁

(ဂ) **လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ**

စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉) နေပြည်တော်

(ဃ) **လေလံလျှောက်လွှာစတင်ရောင်းချမည့်နေ့**

၅ - ၆ - ၂၀၁၄ ( ကြာသပတေး )နေ့ နံနက်( ၉း၀၀ )နာရီ

( င) **လေလံလျှောက်လွှာပိတ်မည့်ရက်**

၁၆ - ၆ - ၂၀၁၄ ( တနင်္လာ )နေ့ ညနေ( ၁၆း၀၀ )နာရီ

( စ) **လေလံတင်ရောင်းချမည့်ရက်**

၁၇ - ၆ - ၂၀၁၄ ( အင်္ဂါ )နေ့ နံနက်( ၁၀း၀၀ )နာရီ

( ဆ) **လေလံတင်ရောင်းချမည့်နေရာ**

သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)နေပြည်တော်

မှတ်ချက်။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် (၅၀၀၀/-) (ကျပ်ငါးထောင်) နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

လျှောက်လွှာအမှတ်စဉ်၊ ..................................

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**

သစ်တောဦးစီးဌာန ပိုင် တာယာ/ဘက်ထရီအဟောင်းများ
ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရန်
လျှောက်လွှာပုံစံ

၁။ လေလံဆွဲဝယ်ယူသူအမည်၊ ..........................................................................................

၂။ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်၊ ..........................................................................................

၃။ နေရပ်လိပ်စာ၊ ..........................................................................................

၄။ ဆက်သွယ်ရန်လိပ်စာ၊ ..........................................................................................

၅။ လေလံဆွဲဝယ်ယူရန် စပေါ်ငွေပေးသွင်းသည့်ပြေစာနံပါတ်များ၊ ..............................................

၆။ ကိုယ်စားလှယ်လွှဲအပ်သူအမည်၊ ..........................................................................................

၇။ ကိုယ်စားလှယ်၏ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်၊ ..............................................

၈။ ကိုယ်စားလှယ်၏ နေရပ်လိပ်စာ၊ ..........................................................................................

လေလံဆွဲဝယ်ယူသူလက်မှတ်၊ ..............................................

လေလံဆွဲသူအမည်၊ ..............................................

နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်၊ ..............................................

ကိုယ်စားလှယ်အမှတ်စဉ်၊........................

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**

သစ်တောဦးစီးဌာနပိုင်တာယာ/ဘက်ထရီအဟောင်းများ
ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရန်
ကိုယ်စားလှယ်လွှဲအပ်ခြင်းပုံစံ

လေလံဆွဲဝယ်ယူရန်လျှောက်ထားသူ

၁။ အမည်၊ ______________________________________

၂။ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်၊ __________________________

၃။ နေရပ်လိပ်စာ၊ ___________________________________

ကိုယ်စားလှယ်လွှဲအပ်ခံရသူ

၄။ အမည်၊ ______________________________________

၅။ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်၊ __________________________

၆။ ဆက်သွယ်ရန်လိပ်စာ၊ _______________________________

၇။ လေလံဆွဲဝယ်ယူရန် ကိုယ်စားလှယ်လွှဲအပ်သည့်လော့ဒ်ပုံအမှတ်၊ ______________

၈။ စပေါ်ငွေပေးသွင်းထားသည့်ပြေစာနံပါတ်၊ ________________________

| **လေလံဆွဲဝယ်ယူရန်လျှောက်ထားသူ** | **ကိုယ်စားလှယ်လွှဲအပ်ခံရသူ** |
|---|---|
| လက်မှတ် ၊ _________________ | လက်မှတ် ၊ _________________ |
| အမည် ၊ _________________ | အမည် ၊ _________________ |

မှတ်ပုံတင် ၊ _________________ မှတ်ပုံတင် ၊ _________________

## လေလံတင်ရောင်းချရန်ကြော်ငြာ

သစ်တောဦးစီးဌာနရှိ ဘက်ထရီအဟောင်းများ၊ တာယာအဟောင်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။ လေလံလျှောက်လွှာအား စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)နေပြည်တော်၊ Ph:၀၆၇- ၄၀၅၀၀၁ တွင် ဝယ်ယူနိုင်ပါသည်။ လေလံလျှောက်လွှာကို စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉) နေပြည်တော်တွင် တင်သွင်းရပါမည်။ လေလံလျှောက်လွှာများအား ၅ - ၆ - ၂၀၁၄ ( ကြာသပတေး )နေ့ နံနက်( ၉း၀၀ )နာရီ မှစတင်၍ ရောင်းချပြီး ၁၆-၆-၂၀၁၄ (တနင်္လာ)နေ့ ညနေ(၁၆း၀၀)နာရီတွင် လျှောက်လွှာပိတ်ပါမည်။ ၁၇-၆-၂၀၁၄ (အင်္ဂါ)နေ့ နံနက်(၁၀း၀၀)နာရီတွင် သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)နေပြည်တော်၌ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် (၅၀၀၀/-) (ကျပ်ငါးထောင်) နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

စီမံခန့်ခွဲရေးဌာန
သစ်တောဦးစီးဌာန
နေပြည်တော်